

# ထွက်ပြေးချင်နေသော
# အိမ်ရှေ့စံ မိဖုရား

နေရီ

အခန်း – ၃

# Chapter 26

"ဒါပေမယ့် လင်းကျဲ့က တစ်ခုခုများ အမှားလုပ်ထားသေးလား၊ ဘာလို့ မပျော်ရွှင်တဲ့ပုံ ပေါက်နေတာလဲ၊ အစ်ကိုတော်"

ရှန်းကူရန်သည် တော်တော်စပ်စု (စူးစမ်း)လိုစိတ်ရှိပြီး အစ်ကိုတော်သည် အမြဲပင် ကြောက်စရာ ကောင်းလောက်အောင် တည်ငြိမ်မှန်းလည်း သိသည်။ ဒေါသကြီးသည်အား မေ့ထားလိုက်ပါက သူသည် သာမာန်အားဖြင့် လူများကို နှောင့်ယှက်တာတောင်မှ မလုပ်တတ်သူဖြစ်ပြီး ရှန်းချင်းဟန်မှ တစ်ယောက်ယောက်အား သတ်ပစ်ချင် သည်အထိ ဒေါသထွက်အောင် လုပ်နိုင်သူမှာ တစ်ယောက်သာရှိသည်။ ထိုသူမှာ လင်းကျဲ့သာဖြစ်သည်။

ရှန်းချင်းဟန်သည် လင်းကျဲ့ဟူသော စကားနှစ်လုံးအား ကြားလိုက်သောအခါ သူ၏နဂို အေးစက်နေသော မျက်နှာသည် ပို၍ အေးစက်လာပြီး လက်ထဲရှိ စုတ်တံပင် နှစ်ပိုင်း ကျိုးသွားလေသည်။

ရှန်းကူရန်သည် တံတွေးမြိုချလိုက်သည်။

ကြည့်ရသည်မှာ အစ်ကိုတော်သည် အရမ်းနာကြည်းနေပုံ ပေါ်သည်။

"အစ်ကိုတော်၊ ကျေးဇူးပြုပြီး ဒေါသကိုထိန်းပါဦး"

ရှန်းကူရန်သည် ချက်ချင်းပင် ကြိုးစား၍ ပြုံးလိုက်ပြီး ရှန်းချင်းဟန်၏ လက်ထဲမှ စုတ်တန်အား ဆွဲယူလိုက်သည်။

ရှန်းချင်းဟန်၏ မျက်နှာမှာ အေးစက်နေဆဲဖြစ်ပြီး လေထုသည်ပင် ရေခဲ

အဖြစ်သို့ ပြောင်းလဲနေသည်ဟု ထင်မှတ် မှားလောက်အောင် အေးစက်သော ခံစားချက်မှာလည်း လွှမ်းခြုံနေသည်။

"အစ်ကိုတော် ဘယ်လောက်ပဲ စိတ်ဆိုးနေပါစေ၊ ဝန်ကြီးဌာနမှာ ရှိတဲ့ အရာရှိတွေကိုတော့ ဖျက်ဆီးလို့ မရဘူးလေ၊ သူတို့ကိုတော့ ဖယ်ထားလိုက်ပါ"

ရှန်းကူရန်သည် အကူအညီမဲ့စွာ ပြောလိုက်သည်။

"ငါမလုပ်နိုင်ဘူး"

ရှန်းချင်းဟန်သည် အေးစက်စွာ ပြောလိုက်သည်။

ရှန်းကူရန်သည် ငိုရမည်လား၊ ရယ်ရမည်လား မသိတော့ပေ။

"အစ်ကိုတော်မှာ အသိတရား လုံးဝ မရှိတော့ဘူး။ ဘာမှမလုပ်ဘဲ အစ်ကိုတော်လို နှစ်တစ်သောင်း ရေခဲလူသားကြီး ဒီမှာ ထိုင်နေရင်တောင် ဒီဌာနဟာ ရက်အနည်းငယ် အတွင်း ပျက်ဆီးသွားလိမ့်မယ်"

ရှန်းချင်းဟန်သည် စကားပြန်မပြောပေ။

"အစ်ကိုတော် အိမ်ရှေ့စံမင်းသား နန်းတော်ကို ဒီထက် နောက်မကျခင် ပြန်သင့်တယ်။ ဒါမှမဟုတ် ဒီလိုပဲဆက်လုပ် နေရင် ဝန်ထမ်းရေးရာ ဝန်ကြီးဌာနက လူတွေ အလုပ်ပိပြီး အနေးနဲ့အမြန် သေသွားကြလိမ့်မယ်"

ရှန်းကူရန်က အကြံပေးသည်။

"..."

ရှန်းချင်းဟန်သည် မျက်နှာသေဖြင့်သာ ရှိနေသည်။

"အစ်ကိုတော်၊ မည်သူမှ ရှင်းရှင်းလင်းလင်း မမြင်နိုင်ဘူး ဆိုတဲ့ စကားပုံ တစ်ခု ရှိပေမယ့် ဒီလို လွတ်မြောက်ခြင်းက ကောင်းတဲ့အကြံ တစ်ခုတော့ မဟုတ်ဘူး၊ အစ်ကိုတော် လင်းကျဲ့ကို ကြောက်လို့ ဒီကိုလာပြီး အခြားသူ

တွေကို မဖျက်ဆီးသင့်ဘူး

ရှန်းကူရန်မှာ ရွေးချယ်စရာ မရှိတော့ပေ။ သူသည် လည်ချောင်းရှင်းပြီး နောက် သူ၏ဗုက်ဖဲကို ထုတ်သုံး ရလေတော့သည်။

ထိုစကားအား ကြားသောအခါ ရှန်းချင်းဟန်သည် မျက်လွှာပင့်၍ ရှန်းကူ ရန်အား ကြည့်လိုက်သည်။ သူ၏မျက်လုံးများတွင် လူသတ်လိုသော (သတ်ဖြတ်လိုသော)အရိပ်အယောင်များနှင့် ပြည့်နေပြီး "မင်း ဘာပြော လိုက်တယ်"

ရှန်းကူရန်သည် ပြုံးလိုက်ပြီး "ကျွန်တော် ဘာပြောလိုက်တယ် ဆိုတာကို အစ်ကိုတော် ရှင်းရှင်းလင်းလင်း ကြားလိုက်တယ် မဟုတ်လား၊ ထပ်ပြောဖို့ လိုမယ် မထင်ပါဘူး"

ရှန်းချင်းဟန်သည် မတ်တပ်ရပ် လိုက်ပြီးနောက် မည်သည့် စကားတစ် ခွန်းမျှ မပြောတော့ဘဲ ဝန်ထမ်းရေးရာ ဝန်ကြီးဌာန အပြင်ဘက်သို့ ထွက် သွားသည်။

ရန်းကူရန်သည် သက်ပြင်း တစ်ချက်အား ရှူထုတ်လိုက်ပြီး ချက်ချင်းပင် နောက်မှ လိုက်သွားသည်။

ရှန်းချင်းဟန်သည် ဌာနထဲမှ ထွက်သွားသည်ကို မြင်သောအခါ အရာရှိ များသည် ပျော်ရွှင်မှုအား ထိန်းမထားနိုင်ပေ။ ထိုအချိန်မှာပင် ရှန်းကူရန် သည် ဖြည်းညင်းစွာပင် အပြင်သို့ထွက်လာသည်။

"ကျွန်တော်တို့ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မင်းသားတစ် ဆယ်"

သူတို့အားလုံးသည် ရှေ့ကို တိုးလာကြသည်။

"ရပါတယ်၊ ရပါတယ်၊ နောက်တစ်ခါကျမှ ထမင်းကျွေးဖို့ မှတ်ထား

လိုက်ပါ"

ရှန်းကူရန်သည် သူ၏လှပသော သွားများ ပေါ်အောင်ပင် ရယ်လိုက်သည်။

"သေချာမှတ်ထားပါ့မယ်"

ထို့နောက် ရှန်းကူရန်၏ အကြည့်မှာ ရှန်းချင်းဟန် ထွက်သွားသည့် လမ်းကြောင်းပေါ်သို့ သက်ရောက်သွားကာ သူသည် လက်ထဲရှိ ယပ်တောင်အား ညင်သာစွာ ခပ်လိုက်ပြီးနောက် ဖြည်းညင်းစွာပင် သိမ်းလိုက်သည်။

လင်းကျဲ့သည် ခမ်းမထဲရှိ ကုလားထိုင်ပေါ်တွင် ပျင်းတွဲစွာ ထိုင်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချိန်တွင် ရုတ်တရက် အသံတစ်သံအား ကြားလိုက်ရသည်။

"မင်းသားပြန်လာပါပြီ"

ထိုအသံအား ကြားလိုက်ရသောအခါ လင်းကျဲ့သည် ချက်ချင်းပင် မျက်လုံးများအား ဖွင့်လိုက်လျှင် သူ့၏မြင်ကွင်းထဲသို့ တစ်လှမ်းပြီး တစ်လှမ်း သူ့ဆီသို့ လျှောက်လှမ်း လာနေသည့် အဖြူရောင် ပုံရိပ်အား မြင်လိုက်ရသည်။

သူသည် အရပ်ရှည်ပြီး ဖြောင့်မတ်ကာ သူ၏ဝတ်ရုံမှာ လေတွင်လွင့်နေသည်။

သူသည် မှုန်ဝါးနေသော သူ၏မျက်လုံးများအား ပွတ်သပ် လိုက်ပြီးနောက်တွင် ရေခဲတမျှ အေးစက်နေသော မျက်နှာမှာ တဖြည်းဖြည်းနှင့် ရှင်းလင်းပြတ်သား လာသည်။

ရှန်းချင်းဟန်ပဲ။

"ခင်ဗျား ပြန်မလာတော့ဘူးလို့ ကျွန်တော် ထင်နေတာ၊ ဒီအိမ်ရှေ့မင်းသားနန်းတော်တစ်ခုလုံးမှာ ကျွန်တော် တစ်ယောက်တည်း ကျန်နေခဲ့သလိုပဲ"

လင်းကျဲ့သည် ချက်ချင်းပင် သူ၏အကြည့်အား ရုပ်သိမ်းလိုက်ပြီး

သူ၏ခြေထောက် နှစ်ဖက်စလုံးအား စားပွဲပေါ်သို့ တင်လိုက်ကာ မထီမဲ့မြင်ဖြင့် ပြောလိုက်သည်။

ရှန်းချင်းဟန်သည် လင်းကျဲ့အား မကြည့်ဘဲ အထဲသို့ ဝင်လာသည်။

လင်းကျဲ့သည် အထိတ်တလန့်ဖြင့် ထိုင်ခုံမှ ထလိုက်ပြီး ရှန်းချင်းဟန်အား ခေါ်လိုက်သည်။

"ဟေး"

"ဘာဖြစ်တာလဲ"

ရှန်းချင်းဟန်သည် ရပ်လိုက်သော်လည်း သူ့အား လှည့်၍ပင် မကြည့်ပေ။

"ကောင်းပြီလေ၊ ပြီးခဲ့တဲ့ အကြိမ်တုန်းက ကျွန်တော် တော်တော်လွန်သွားတယ်၊ တောင်းပန်လို့ ရနိုင်မလား"

လင်းကျဲ့သည် ခေါင်းငုံ့လိုက်ပြီး သူ၏ခါးပတ်ကြိုးအား ဆော့ကစားရင်း ပြောလိုက်သည်။

"ဘယ်အကြိမ်လဲ"

ရှန်းချင်းဟန်က ပြောလိုက်သည်။

ထိုသို့ ကြားလိုက်သောအခါ လင်းကျဲ့သည် ဒေါသပေါက်ကွဲမလို ဖြစ်သွားသော်လည်း သူသည် အမှားများကို ပြုလုပ်ထားကြောင်း တွေးမိလိုက်ပြီး ဒေါသကို ချုပ်ထိန်းလိုက်သည်။

"ဟင်းပွဲတွေထဲကို ဆားအများကြီး ထည့်ပြီး ခင်ဗျားကို စားခိုင်းလိုက်တာ"

ရှန်းချင်းဟန်၏ မျက်လုံးများထဲတွင် ရှိသော အေးစက်မှု အနည်းငယ် ပျယ်လွင့်သွားသည်။

"ဟေး ခင်ဗျားကြားရဲ့လား"

လင်းကျဲ့သည် မျက်မှောင်ကြုတ်၍ ရှန်းချင်းဟန်၏ နောက်ကျောအား ကြည့်လိုက်သည်။

"ငါ မမှတ်မိဘူး"

ရှန်းချင်းဟန်သည် ထိုစကားအား ပေါ့ပေါ့တန်တန် ပြော၍ ထွက်သွားသည်။

လင်းကျဲ့သည် စိတ်ဆိုးလွန်း၍ စကားတစ်ခွန်းပင် မပြောနိုင်ချေ။ သူသည် ရှားရှားပါးပါး တောင်းပန်ခဲ့သော်လည်း ထိုပုဂ္ဂိုလ်မှာ မမှတ်မိကြောင်း ပြောသွားခဲ့သည်။

လင်းကျဲ့သည် အံကို တင်းတင်း ကြိတ်လိုက်ပြီး၊ "ငါက ငါ့ရဲ့ကရုဏာကို ပြချင်ခဲ့တာ၊ ဒါပေမယ့် အခု ငါ ဂရုမစိုက်တော့ဘူး၊ နောက်တစ်ခါကျမှ ရက်စက်တယ်လို့ ငါ့ကို အပြစ်မတင်နဲ့၊ ဟွန့်"

နှာမှုတ်သံနှင့်အတူ လင်းကျဲ့သည် အပြင်သို့ ထွက်လာခဲ့သည်။

မလှမ်းမကမ်းတွင် ရှန်းချင်းဟန်သည် ခြေလှမ်းများကို ရပ်လိုက်ပြီး ခေါင်းကို အနည်းငယ် မော့ကာ သက်ပြင်းချ လိုက်သည်။

"မေ့ထားလိုက်တော့"

အရှေ့ခြံ -

စန်းရှီသည် အိမ်အပြင်ဘက်သို့ ထွက်လိုက်သောအခါ ဒေါသများနှင့် ပြန်လာနေသော လင်းကျဲ့အား လှမ်းမြင် လိုက်ရသည်။

"သခင်၊ ဘာဖြစ်လာတာလဲ"

စန်းရှီက မေးလိုက်သည်။

"ငါ အဆင်ပြေပါတယ်"

လင်းကျဲ့သည် ဒေါသထွက်စွာဖြင့် ပြောလိုက်ပြီး အခန်းထဲသို့ ဝင်သွား

သည်။

စန်းရှိ ဇဝေဇဝါ ဖြစ်သွားသည်။

"အိမ်ရှေ့မင်းသား ပြန်မလာသေးဘူးလား။ သခင်လေးက ဘာကြောင့် ဒီလောက် စိတ်ဆိုးလာရတာလဲ"

တော်ဝင်စာကြည့်ဆောင် -

တောက်ပသော အဝါရောင် နဂါးဝတ်စုံ ဝတ်ဆင်ထားသော ရှန်းယန်ဝမ်သည် စားပွဲရှေ့တွင် ထိုင်နေပြီး ရှန်းချင်းဟန်သည် သူ၏ရှေ့တွင် မတ်တပ်ရပ်နေသည်။

"ချင်းဟန်၊ မင်း လွှန်ခဲ့တဲ့ရက် အနည်းငယ်က ဝန်ထမ်းရေးရာ ဝန်ကြီးဌာနကို စစ်ဆေးဖို့သွားတယ်လို့ ငါကြားထားတယ်"

ရှန်းယန်ဝမ်သည် လက်ထဲတွင် ကိုင်ထားသည့် တင်ပြလွှာအား စားပွဲပေါ်တွင် တင်လိုက်ပြီး ပြောသည်။

"ဟုတ်ကဲ့"

ရှန်းချင်းဟန်က ပြန်ဖြေလိုက်သည်။

"ဒီလို လုံ့လဝိရိယ ရှိတာက အုပ်ချုပ်ရေးပိုင်း အတွက် ကောင်းပေမယ့် ဝန်ထမ်းရေးရာ ဝန်ကြီးဌာနကို အရမ်း ဖိအားမပေးပါနဲ့"

ရှန်းယန်ဝမ်သည် သက်ပြင်းချကာ ပြောလိုက်သည်။

"သားတော် အဲ့လိုရည်ရွယ်တာမဟုတ်..."

ရှန်းချင်းဟန်က ပြောလိုက်စဉ် ရှန်းယန်ဝမ်က လက်ကိုမြှောက်၍ တားလိုက်သည်။

"မင်းက ငါ့သားပါ။ ငါတို့ မင်းအကြောင်းကို ကောင်းကောင်း နားလည်ပါတယ်၊ ဒါ့အပြင် အဲ့ဒီဌာနက အရာရှိတွေက အခု အလုပ်ပိုလွန်းလို့ ဖျားနာ

ပြီး အိပ်ရာပေါ် လဲနေကြတယ်"

ရှန်းယန်ဝမ်သည် စိတ်ဖိစီးကာ နဖူးအား လက်ဖြင့် ပွတ်လိုက်သည်။ ရှန်းချင်းဟန်မှာမူ ထိုကိစ္စသည် သူနှင့် မသက်ဆိုင်သကဲ့သို့ပင် မျက်နှာသေဖြင့်သာ ရှိနေသည်။ ရှန်းချင်းဟန်က သူသည် ထိုဌာနတွင် လုပ်စရာရှိသည်များကိုသာ ရှာဖွေလုပ်ကိုင်ခဲ့ပြီး မည်သူ့ကိုမျှ လုပ်ဆောင်ပေးရန် မတောင်းဆိုခဲ့ပေ။

ရှန်းယန်ဝမ်သည် ရှန်းချင်းဟန်၏ မျက်နှာအား ကြည့်လျက် သူ၏နဖူးကို အားကိုးရာမဲ့စွာ ပုတ်လိုက်လေသည်။

"မေ့လိုက်တော့၊ ဒီဖခမည်းတော်ကိုယ်တိုင်က မင်းကိုပြောတာတောင် နားမထောင်ဘူး"

"သားတော် မဝံ့ရဲပါဘူး"

ရှန်းချင်းဟန်သည် ထိုကဲ့သို့ ပြောလိုက်သော်လည်း သူ၏မျက်နှာတွင်မူ ဘာခံစားချက်မျှ မပေါ်လွင်ပေ။

"မင်းမလုပ်ရဲတာ တခြားဘာများရှိလို့လဲ"

သူ၏သားတော်မှာ မည်သည့် အရာကိုမျှ မကြောက်ရွံ့ပေ။ သူဘာကိုများ ကြောက်ပါလိမ့်။

ရှန်းချင်းဟန်သည် ပြန်ဖြေရန် ပျင်းရိနေသည်။

"အခု မင်း လင်းကျဲ့နဲ့ ဘယ်လို ပေါင်းသင်း နေထိုင်နေလဲ"

ရှန်းယန်ဝမ်က ထပ်၍ မေးလိုက်သည်။

ရှန်းချင်းဟန်သည် လင်းကျဲ့အား တွေးမိသောအခါ သူ၏မျက်ခုံးများမှာ တွန့်ချိုးသွားသည်။

"ဟမ်"

ရှန်းယန်ဝမ်သည် သူ၏မျက်လုံးများအား စွေကြည့်လိုက်သည်။

ရှန်းချင်းဟန်သည် စကားအား ညှစ်ထုတ်လိုက်ရသည်။

"သာမန်ပါပဲ" "ဒီလိုပါပဲ"

"သာမန်ပဲ?"

ရှန်းယန်ဝမ်သည် ရှန်းချင်းဟန်အား စိုက်ကြည့်လိုက်သည်။

"မင်း သူ့ကို အနိုင်တော့ မကျင့်ဘူးမလား"

"မကျင့်ပါဘူး"

ထိုသို့ ကြားသောအခါ ရှန်းချင်းဟန်သည် သေတ္တာထဲရှိ ပိုးကောင်များနှင့် မြည်းစမ်းခဲ့ဖူးသော ဆားများသည့် ဟင်းလျာများကို တွေးမိပြီး သူ၏ နဖူးကြောများသည် ပေါက်ထွက်မတတ် ဖောင်းလာသည်။ သူသည် မအီမသာ ဖြစ်လာသည်။ သူသည် ထိုလူအား အနိုင်မကျင့်နိုင်ပါ။ သူသည်သာလျှင် အမြဲတမ်း ကစားခံနေရသည်။

"တကယ်လား"

ရှန်းရန်ဝမ်သည် ရှန်းချင်းဟန်၏ အမူအရာအား ကြည့်ရာ သူတို့နှစ်ဦးသည် ပြေလည်သည့်ပုံ မပေါ်ပေ။

ရှန်းချင်းဟန်သည် မဖြေပေ။ သို့သော် လေထုသည် တစ်ဖန်ပြန်၍ ငြိမ်သက်သွားပြန်သည်။

"ကောင်းပြီလေ၊ မနက်ဖြန်က မိသားစုတွေ့ဆုံပွဲပဲ၊ လင်းကျဲ့ကိုပါခေါ်လာခဲ့"

ရှန်းယန်ဝမ်က ပြောလိုက်သည်။

ရှန်းယန်ဝမ်သည် မိသားစုဆက်ဆံရေးကို အလွန် အလေးထားသူ တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် လစဉ်လတိုင်းတွင် အပြင်လူ မပါဝင်သော

မိသားစုပွဲတစ်ခုကို ကျင်းပလေ့ရှိသည်။ ရှန်းချင်းဟန်က ထိုအရာသည် မလိုအပ်ဟု ခံစားမိသော်လည်း ရှန်းယန်ဝမ်သည် သူ၏ဖခင်ဖြစ်သောကြောင့် သူသည် ဘယ်တုန်းကမှ မပျက်ကွက်ခဲ့ပေ။

ထိုစကားအား ကြားသောအခါ ရှန်းချင်းဟန်သည် မျက်မှောင်ကြုတ်သွားသည်။ သူသည် သိပ်မပျော်ရွှင်သည်မှာ သိသာလှသည်။

"ဘာဖြစ်လို့လဲ၊ မင်းနဲ့လင်းကျဲ့ ရန်ဖြစ်ထားလို့လား"

ရှန်းယန်ဝမ်သည် လင်းကျဲ့က သူ့၏သားအရင်း ကဲ့သို့ပင် မျက်နှာမှာ တဆတ်ဆတ် တုန်ခါနေသည်။

"မဟုတ်ပါဘူး"

ရှန်းချင်းဟန်က ပြောလိုက်သည်။

"အဲဒါဆို သူ့ကို ခေါ်လာဖို့မှတ်ထား၊ ငါ သူ့ကို တွေ့ချင်တယ်"

ရှန်းယန်ဝမ်က ပြောလိုက်သည်။

"သားတော် နားလည်ပါပြီ"

ရှန်းချင်းဟန်မှာ အနည်းငယ် မပျော်ရွှင်တော့ပေ။

လင်းကျဲ့၏ နာမည်ကြားသည်နှင့် ရှန်းချင်းဟန်၏မျက်နှာမှာ ကြည့်ရဆိုးသွားသောကြောင့် သူ့တို့နှစ်ဦးကြားတွင် ဖြစ်ပျက်ခဲ့သည်များကို ရှန်းယန်ဝမ်သည် အမှန်ပင် နားမလည်နိုင်ပေ။

***

# Chapter 27

အိမ်ရှေ့မင်းသား နန်းတော်သို့ ပြန်ရောက်သောအခါ ရှန်းချင်းဟန်သည် လင်းကျဲ့အား တွေ့ရန် ထွက်လာသည်။

"ဒါပေမယ့် အခု သခင်လေးက အရှေ့ခြံမှာ မရှိပါဘူး"

စန်းရှီက ပြောလိုက်သည်။

"သူ ဘယ်သွားတာလဲ’

ရှန်းချင်းဟန်သည် အနည်းငယ် စိတ်မရှည်သောကြောင့် အေးစက်သော အရိပ်အယောင်များသည် သူ၏မျက်လုံးများတွင် ပေါ်လာပြီး အသက်ပြင်းပြင်း ရှူလိုက်သည်။

"မင်းသားကို လျှောက်တင်ပါတယ်၊ ဒီအချိန်ဆိုရင် သခင်လေးက တမော်နဲ့ ကစားနေတာ ဖြစ်နိုင်ပါတယ်"

စန်းရှီသည် ရှန်းချင်းဟန်၏ မျက်လုံးများကို တည့်တည့် မကြည့်ရဲပေ။

ထိုစကားအား ကြားသောအခါ ရှန်းချင်းဟန်သည် လှည့်ထွက်သွားသည်။

ကျန်းရန်က သူ့နောက်မှ ထပ်ချပ်မကွာ လိုက်သွားသည်။

ထိုအချိန်တွင် လင်းကျဲ့သည် တမော် နှင့်အတူ နေရောင်အောက်တွင် အေးအေးဆေးဆေး လဲလျောင်း နေကြသည်။

လင်းကျဲ့သည် သူ၏လက်များအား ခေါင်းနောက်တွင် ထား၍ သမ်းလိုက်သည်။ သူ၏ခန္ဓာကိုယ်ပေါ်တွင် ကျရောက်နေသော နေရောင်ခြည်သည် သူ့

အား နွေးထွေးမှုကို ခံစားစေသည်။

ရုတ်တရက် တစ်စုံတစ်ခုအား တွေးမိသောအခါ လင်းကျဲ့သည် ထထိုင်လိုက်သောအခါ တမော် သည်လည်း လင်းကျဲ့အား ကြည့်၍ ထလိုက်လေသည်။

"တမော် မင်းက Jin နိုင်ငံတော်က လာတယ်လို့ ငါကြားတယ်၊ မင်းအိမ်ကို မပြန်ချင်ဘူးလား"

လင်းကျဲက မေးလိုက်ပြီး တမော်၏ခေါင်းအား ညင်သာစွာ ပွတ်သပ်ပေးလိုက်သည်။

တမော်သည် ကြီးမားပြီး မည်းနက်နေသော သူ၏မျက်လုံးများကို မှိတ်လိုက်သည်။

"မိသားစုမှာ ငါတစ်ယောက်တည်း ကျန်တော့တယ် ဆိုရင်တောင်မှ ငါလည်း အိမ်ကိုလွမ်းတယ်"

လင်းကျဲ့သည် အားကိုးရာမဲ့စွာ ရယ်မောလိုက်သည်။

တမော် (တာ့မော်)သည် လင်းကျဲ့အား နှစ်သိမ့်ပေးသလိုမျိုး သူ၏ခေါင်းဖြင့် လင်းကျဲ့အား အနည်းငယ် တိုးဝှေ့ပွတ်သပ် လိုက်သည်။

လင်းကျဲ့၏ နှလုံးသားမှာ နူးညံ့သွားပြီး တမော်အား ပွေ့ဖက်လိုက်သည်။ သူသည် အလွန်အမင်း စိတ်လှုပ်ရှား လာပြီး "ဟုတ်တယ်၊ အနာဂါတ်မှာ ငါတို့နှစ်ယောက် ငါတို့ဘဝအတွက် အချင်းချင်း အားကိုးကြမယ်၊ ဒီသခင်လေးက မင်းကို ကာကွယ်ပေးမယ်"

လင်းကျဲ့သည် သူ့အား တင်းကျပ်စွာ ဖက်ထားသောကြောင့် တာ့မော်၏ နှလုံးသားမှာ တုန်လှုပ်လာပြီး မျက်နှာမှာ ပြောင်းလဲသွားသည်။

ရှန်းချင်းဟန်သည် ရောက်လာပြီး ထိုမြင်ကွင်းအား မြင်လိုက်ပြီး

သူ၏အစ်ကိုအတွက် အခက်အခဲတွေ ဖြစ်အောင် သူဘယ်လို ကြိုးစားနေကြောင်း ပြောလိုက်သည့် လင်းကျဲ့၏ စကားများအား ကြားသောအခါ သူသည် ရှေ့ဆက် မတိုးချင်တော့ပေ။ ထိုအစား သူ၏လက်ကို မြှောက်၍ နဖူးကို ထိထားကာ ညင်သာစွာ သက်ပြင်း ရှိုက်လိုက်သည်။

အာမေဋိတ်သံအား ကြားလိုက်သောအခါ တာ့မော်အား ချီထားသော လင်းကျဲ့သည် ခေါင်းကို မော့လိုက်သည်။ သူ၏အရှေ့တွင် ရပ်နေသော ရှန်းချင်းဟန်နှင့် ကျန်းရန်အား မြင်လိုက်သောအခါ သူသည် မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်၍ တာ့မော်၏ နောက်သို့ ချက်ချင်း ရောက်သွားသည်။ ရှန်းချင်းဟန်အား စေ့စေ့ကြည့်၍ သူ၏လက်ကို ဆန့်တန်းကာ အဖြူရောင်ဝတ်ဆင်ထားသော ရှန်းချင်းဟန်သို့ ညွှန်ပြကာ တာ့မော်အား ပြောသည်။

"တာ့မော်၊ အခု မင်းရဲ့သစ္စာစောင့်သိမှုကို ပြသဖို့ အချိန်ရောက်ပြီ၊ သူ့ကို ကိုက်၊ သူ့ကိုသေအောင်ကိုက်"

တာ့မော်သည် ခန္ဓာကိုယ် တစ်ခုလုံးမှ သတ်ဖြတ်လိုသော အရိပ်အယောင်များ ထုတ်လွှတ်နေသည့် ရှန်းချင်းဟန်အား ကြည့်လိုက်သည်။ ထို့နောက် သူ၏နောက်တွင် ကုပ်နေသော လင်းကျဲ့အား ကြည့်လိုက်ပြီး သူ၏ဖင်အား လှုပ်ယမ်းပြီးနောက် ထွက်သွားလေသည်။ သွားပြီ....

လင်းကျဲ့၏ နှုတ်ခမ်းထောင့်စွန်းမှာ တွန့်ကွေးသွားသည်။ အဲဒီနေ့က ငါ့နောက်ကို လိုက်ခဲ့တဲ့ခွေးရဲ့ ဂုဏ်သိက္ခာက ဘယ်မှာလဲလို့ ငါမေးပါရစေ။

"တော်သင့်ပြီ"

ရှန်းချင်းဟန်သည် သူ၏လက်များအား ဆုပ်ကိုင်လျက် လင်းကျဲ့အား အထက်မှအောက် စုန်ဆန်ကာ ကြည့်လိုက် သည်။

"မတော်သေးဘူး"

လင်းကျဲ့က အော်လိုက်သည်။ သူသည် ချက်ချင်းပင် မြေပေါ်တွင် ထိုင်ချလိုက်ကာ မြက်ပင်အား ကောက်ကိုင်လိုက်ပြီး ထပ်ပြောလိုက်သည်။ "ဟွန့်၊ အခုခေတ်မှာ ခွေးတွေတောင် သစ္စာမရှိတော့ဘူး"

ရှန်းချင်းဟန်၏ မျက်ခုံးများမှာ မြင့်တက်သွားသည်။

ကျန်းရန်သည် မင်းသား၏ အမူအရာမှာ ပုံမှန်မဟုတ်ကြောင်း ခံစားလိုက်ရသည်။ သို့သော် လင်းကျဲ့မှာ မသိချင်ယောင်ဆောင်ပြီး ပျင်းရိစွာထိုင်၍ သမ်းလိုက်သည်။

"မနက်ဖြန် မိသားစု တွေ့ဆုံပွဲရှိတယ်"

ရှန်းချင်းဟန်က အေးစက်စွာ ပြောလိုက်သည်။

"အိုး သိပြီ"

လင်းကျဲ့က နားရွက်ကို ကုတ်ပြီး ဘာသိဘာသာ ပြန်ပြောလိုက်သည်။

သူ့ခေါင်းကို မော့လိုက်သည့် အချိန်တွင် သူ၏ရှေ့တွင် ရပ်နေဆဲဖြစ်သော အေးစက်နေသည့် ရှန်းချင်းဟန်၏ မျက်နှာအား မြင်လိုက်ရသည်။ သူသည် ထိတ်လန့်သွားပြီး "ခင်ဗျားက ခုထိမသွားသေးဘူးလား"

"အဲ့ဒီအချိန်မှာ မင်းဘာပြဿနာမှ မရှာနဲ့နော်"

ဒေါသကိုချိုးနှိမ်ပြီး ရှန်းချင်းဟန်က ပြောသည်။

"ငါ တစ်နေ့လုံး လုပ်စရာမရှိဘူးလို့ ပြောနေသလိုပဲ"

လင်းကျဲ့သည် နှုတ်ခမ်းများအား ကွေးလိုက်သည်။

ရှန်းချင်းဟန်သည် လင်းကျဲ့အား စိုက်ကြည့်ပြီးနောက် လှည့်ထွက်သွားသည်။

ရှမ်းချင်းဟန် ထွက်သွားပြီး နောက်တွင် လင်းကျဲသည် မေးစေ့အား ကိုင်၍ အဝေးသို့ကြည့်ကာ "မိသားစုတွေ့ဆုံပွဲ"

ရုတ်တရက် သူက ပြုံးလိုက်သည်။

"တကယ်လို့ မဆူညံဘူးဆိုရင် မဟုတ်သေးဘူး"

နောက်နေ့တွင် လင်းကျဲ့အား စန်းရှီမှ အစောကြီး ခေါ်ထုတ်လေသည်။

ရေချိုးပြီးနောက် အဝတ်အစားလဲလှယ်ကာ အိပ်ငိုက်နေသော လင်းကျဲ့အား အခန်းအပြင်သို့ တွန်းထုတ်လိုက်သည်။ အရှေ့ခြံမှ ထွက်သွားသောအခါ လင်းကျဲသည် သူ့ကို အဝေးကပင် မြင်လိုက်ရသည်။

"မင်္ဂလာနံနက်ခင်းပါ"

လင်းကျဲသည် အင်အားအပြည့်နှင့် ရှန်းချင်းဟန်ဆီသို့ ပြေးသွားသည်။ လင်းကျဲ့အား တွန်းထုတ်လိုက်သော စန်းရှီ၏ မျက်နှာပေါ်တွင် အံ့သြသော အကြည့်သာ ရှိနေသည်။

ရှန်းချင်းဟန်သည် လင်းကျဲ့အား တစ်ချက်ကြည့်လိုက်ပြီး လင်းကျဲ့ လျှောက်လာသည်ကို မြင်သောအခါ ဘေးဘက်သို့ ရှောင်ထွက်သွားသည်။

သူ ရှောင်ထွက် သွားသည်နှင့် လင်းကျဲ့၏နှုတ်ခမ်းမှာ ကွေးညွတ်သွားသည်။

"ရှန်းချင်းဟန်၊ ခင်ဗျား၊ ခင်ဗျားကို လူတွေမုန်းအောင် လုပ်တဲ့နေရာမှာ တော်ရုံတော့ မဟုတ်ဘူးပဲ၊ ခင်ဗျားသိလား"

လင်းကျဲသည် လက်ကို မြှောက်လိုက်ပြီး အံကိုကြိတ်ကာ ပြောလိုက်သည်။

"တူတူပဲ"

ရှန်းချင်းဟန်သည်လည်း အားကျမခံ ပြန်ပြောလိုက်ကာ စတင် ထွက်

သွားလိုက်သည်။

ထိုသို့ ကြားလိုက်သောအခါ မုန်းတီးမှု နှင့်အတူ လင်းကျဲ၏ သွားများမှာ ယားယံလာပြီး ချက်ချင်း နောက်မှ လိုက်သွားသည်။

"ရှန်းချင်းဟန် အဲ့နေရာမှာ ရပ်လိုက်"

သို့သော်လည်း ရှန်းချင်းဟန်သည် သူ့စကားများအား မကြားသလို ပြုမူ၍ လှည်းယာဉ်ဆီသို့ ထွက်သွား လိုက်သည်။

လင်းကျဲသည် အိမ်တော်၏ အဝင်တွင် ရပ်နေပြီး ရှန်းချင်းဟန်၏ လှည်းယာဉ်အား ကြည့်က နှာမှုတ်လိုက်သည်။ ထို့နောက် ပါးစပ်အား ရွဲ့လိုက်ကာ

"ခင်ဗျား ကျွန်တော့်ကို မမြင်ချင်ဘူးဆိုရင် ခင်ဗျားကို အနှောင့်အယှက် ပေး ရလိမ့်မယ်။ ပိုပြီး ဆိုးလာရင်တော့ ခင်ဗျားကို ဖမ်းဖို့ ကြိုးစားရင်း ကျွန်တော် သေရလိမ့်မယ်၊ ဟမ့်"

အေးစက်သော လေသံနှင့်အတူ လင်းကျဲသည် ရှန်းချင်းဟန်၏ လှည်းယာဉ်ဆီသို့ လျှောက်သွားသည်။

လင်းကျဲသည် လိုက်ကာအား ဖွင့်လိုက်သောအခါ ရှန်းချင်းဟန်သည် မျက်လုံးများကို မှိတ်လျက် ထိုင်ခုံပေါ်တွင် ထိုင်နေသည်။ အသံကြား လိုက်သောအခါ သူသည် မျက်လုံးအား ဖြည်းညင်းစွာ ဖွင့်လိုက်ပြီး သူ၏လေးနက်သော မျက်လုံးအစုံဖြင့် လင်းကျဲအား ကြည့်လိုက်သည်။

"မင်း ဘာလုပ်နေတာလဲ"

လင်းကျဲသည် ရယ်ပြုပြီး ပြန်မဖြေပေ။ သူသည် လှည်းယာဉ်ပေါ်သို့ တက်လိုက်ပြီး ရှန်းချင်းဟန်၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။

"မင်းရဲ့လှည်းယာဉ်က အဆင်သင့်ပဲနော်"

ရှန်းချင်းဟန်သည် အသက်ပြင်းပြင်း ရှူလိုက်ပြီး ပြောလိုက်သည်။

"ကျွန်တော်သိတယ်"

လင်းကျဲ့သည် ခြေထောက်အား ချိတ်ထိုင်လိုက်ပြီး ရယ်လိုက်သည်။

"ဒါပေမယ့် ကျွန်တော်ဒီမှာပဲ ထိုင်ချင်လို့"

"ဒါဆို ငါ အခြားတစ်စီးကို သုံးလိုက်မယ်"

ရှန်းချင်းဟန်က ပြောလိုက်ပြီးနောက် မတ်တပ် ရပ်ဟန်ပြုလိုက်သည်။

"ခင်ဗျားက ဘာကို စိုးရိမ်နေတာလဲ၊ လှည်းယာဉ်က အကြီးကြီးပဲ၊ ခင်ဗျား ထိုင်လိုက်ရင်လည်း မကျပ်ပါဘူး"

လင်းကျဲ့သည် ရှန်းချင်းဟန်၏ အင်္ကျီလက်ကို ဆွဲကာ ရယ်လိုက်သည်။

"လွှတ်"

ရှန်းချင်းဟန်သည် သူ၏အင်္ကျီလက်အား ဆွဲထားသော လင်းကျဲ့၏လက်အား ကြည့်ပြီးနောက် ပြောလိုက်သည်။

"ကောင်းပြီ"

လင်းကျဲ့သည် အမိန့်နာခံစွာဖြင့် ချက်ချင်း လွှတ်ပေးသည်။

ရှန်းချင်းဟန်သည် လှည်းယာဉ်ထဲမှ ထွက်မည် ပြင်လိုက်သော်လည်း လင်းကျဲ့က ရတ်ခြည်းပင် လှည်းမောင်းသူအား ပြောလိုက်သည်။

"သွားစို့၊ ငါတို့ အခုသွားလို့ရပြီ"

လှည်းယာဉ်သည် စတင် ထွက်ခွာသွားရာ ရှန်းချင်းဟန်သည် ရွေးချယ်စရာမရှိဘဲ ပြန်ထိုင်လိုက်ရသည်။

သူသည် လှည်းယာဉ် တစ်စီးတည်း စီးရုံပဲဟူ၍ သူ့ကိုယ်သူ ပြောနေသည်။ သည်းခံ၊ သည်းခံ

သို့သော် သူသည် လင်းကျဲ့၏ အရက်မရှိသော မျက်နှာအား မြင်ရသောအခါ အကြောင်းပြချက် အချို့ကြောင့် ရှန်းချင်းဟန်သည် အလွန်အမင်း ဒေါသထွက်လာသည်ကို ခံစားလိုက်ရသည်။

ထို့ကြောင့် ရှန်းချင်းဟန်သည် စကားတစ်ခွန်းမျှ မပြောဘဲ မျက်လုံးများအား မှိတ်ထားလိုက်သည်။

လှည်းယာဉ်ထဲတွင် လင်းကျဲ့သည် ပျင်းရိ၍ သေတော့မတတ်ပင်။ သူသည် မျက်လုံးများမှိတ်၍ လှုပ်ရှားမှု ကင်းမဲ့နေသော ရှန်းချင်းဟန်အား ကြည့်၍ ရေရွတ်လိုက်သည်။

"ခင်ဗျားအိပ်သွားပြီလား"

"ရှန်းချင်းဟန် ရှန်းချင်းဟန်"

လင်းကျဲ့သည် ရှန်းချင်းဟန်အား အကြိမ်နည်းငယ်မျှ ခေါ်သော်လည်း ရှန်းချင်းဟန်သည် အိပ်ပျော်နေသကဲ့သို့ တုတ်တုတ်မျှပင် မလှုပ်ပေ။

"ဟီး ဟီး"

လင်းကျဲ့သည် ယခင်က ဝယ်ထားသော ပါးနီ(မျက်နှာချေ)ဘူးအား လျှို့ဝှက်စွာ ထုတ်ယူကာ ဖွင့်လိုက်ပြီး လက်ချောင်းထိပ်တွင် ဂရုစိုက်စွာဖြင့် တို့လိုက်သည်။ သူသည် ပါးနီဘူးအား အဝေးတွင်ထား၍ သူ၏လက်အား ထိုင်ခုံပေါ်တွင် ထောက်ထားကာ ရှန်းချင်းဟန်ဆီသို့ ဖြည်းညင်းစွာ လျှောက်သွား လိုက်သည်။

ရှန်းချင်းဟန်၏ လှပသော မျက်နှာအား အနီးကပ်ကြည့်လိုက်ရာ ရိုးသားစွာ ပြောရပါလျှင် လင်းကျဲ့သည် တံတွေး မြိုချမိသွားသည်။ ထို့နောက် သူသည် ရှန်းချင်းဟန်၏ မျက်နှာ ဘယ်နေရာတွင် လိမ်းခြယ်ရမည်ကို စဉ်းစားလိုက်သည်။

နောက်ဆုံးတွင် လင်းကျဲသည် ရှန်းချင်းဟန်၏ ပါးစပ်ထောင့်တွင် လိမ်းရန် ဆုံးဖြတ်လိုက်သည်။ နဖူးတွင် ဖူးစာရေးနတ်မင်း၏ အမှတ်အသား ရှိနေသော ရှန်းချင်းဟန်၏ ရုပ်သွင်အား စဉ်းစားလိုက်မိသောအခါ လင်းကျဲသည် မထိန်းနိုင်ဘဲ ရယ်လိုက်မိသည်။ သို့သော် သူသည် ရယ်ချင်စိတ်အား ထိန်းချုပ်ကာ ရှန်းချင်းဟန်၏ နှုတ်ခမ်းများပေါ်တွင်သာ အာရုံစိုက်ထားသည်။ သူသည် တစ်ချက်မျှသာ ရွှေ့လျားလိုက်သော်လည်း အေးစက်ပြီး လေးနက်သော မျက်ဝန်းအစုံသည် ဖြည်းညင်းစွာ ပွင့်လာသည်။

***